## ၄။ သဒ္ဒါရှင်းလင်းချက်

၁. **Nが あります／います**

あります၊います သည်အရာဝတ္ထု၊လူပုဂ္ဂိုလ်စသည်တို့တည်ရှိမှုကိုဖော်ပြသည်။ ယခုဝါကျသည် အရာဝတ္ထု၊လူပုဂ္ဂိုလ်တို့၏ တည်ရှိမှုအကြောင်းကိုအရှိအတိုင်းပုံဖော်၍နာသူကိုပြောပြသောဝါကျ ဖြစ်သောကြောင့်၊အရှိအတိုင်းတည်ရှိနေသောအရာဖြစ်သောနာမ်တွင် が ကိုတွဲ၍အသုံးပြုသည်။

၁) あります သည်အရာဝတ္ထု၊အပင်များကဲ့သို့သောသဘာဝအလျောက်မရွေ့လျားနိုင်သောအရာမျိုး တွင်အသုံးပြုသည်။

① コンピューターが あります。　ကွန်ပျူတာ ရှိပါတယ်။

② 桜(さくら)が あります。　ချယ်ရီပန်း ရှိပါတယ်။

③ 公園(こうえん)が あります。　ပန်းခြံ ရှိပါတယ်။

၂) います သည်လူပုဂ္ဂိုလ်နှင့်တိရစ္ဆာန်ကဲ့သို့သောသဘာဝအလျောက်ရွေ့လျားနိုင်သောအရာမျိုး တွင်သုံးသည်။

④ 男(おとこ)の 人(ひと)が います。　အမျိုးသား(တစ်ယောက်) ရှိပါတယ်။

⑤ 犬(いぬ)が います。　ခွေးရှိပါတယ်။

၂. **နေရာ に Nが あります／います**

ဤဝါကျပုံစံကိုအသုံးပြု၍တစ်ခုသောနေရာတွင်တစ်စုံတစ်ခုသို့မဟုတ်တစ်စုံတစ်ယောက်တည်ရှိ နေသည်ကိုဖော်ပြသည်။

၁) အရာဝတ္ထု၊ လူပုဂ္ဂိုလ်များတည်ရှိသောနေရာကိုဝိဘတ် に ဖြင့်ဖော်ပြသည်။

⑥ わたしの 部屋(へや)に 机(つくえ)が あります。　ကျွန်တော့်/ကျွန်မရဲ့အခန်းမှာစာရေးခုံ ရှိပါတယ်။

⑦ 事務所(じむしょ)に ミラーさんが います。　ရုံးခန်းမှာ မစ္စတာမီလာ ရှိပါတယ်။

၂) တည်ရှိနေသောအရာကိုမေးမြန်းသောအခါအမေးစကားလုံး なに ကိုအသုံးပြု၍တည်ရှိနေ သောလူပုဂ္ဂိုလ်ကိုမေးမြန်းသောအခါ အမေးစကားလုံး だれ ကိုအသုံးပြုသည်။

⑧ 地下(ちか)に 何(なに)が ありますか。　မြေအောက်မှာ ဘာရှိပါသလဲ။
……レストランが あります。　......စားသောက်ဆိုင်ရှိပါတယ်။

⑨ 受付(うけつけ)に だれが いますか。　လက်ခံကောင်တာမှာ ဘယ်သူရှိပါသလဲ။
……木村(きむら)さんが います。　......မစ္စခိမုရ ရှိပါတယ်။

[မှတ်ချက်]အထက်ဖော်ပြပါဥပမာအပြင်အမေးစကားလုံး၏နောက်၌ရှိသောဝိဘတ်သည် が ဖြစ်ကြောင်းကိုသတိပြုရမည်။(×なには　×だれは)

၃. **Nは နေရာ に あります／います**

ဤမှာနံပါတ်၂.နေရာ に Nが あります／います မှN (တည်ရှိသောအရာ) အားအဓိက အကြောင်းအရာအဖြစ်ဖြင့် ထိုအရာတည်ရှိသောနေရာကိုဖော်ပြသောဝါကျဖြစ်သည်။ နာမ်၏နောက်တွင် は ကိုအသုံးပြု၍ဝါကျအစတွင်ထားရှိသည်။ နာမ်သည်ပြောသူနှင့် နာသူ၂ဦးစ လုံးမှသဘောပေါက်နားလည်ထားသောအရာဖြစ်သည်။

⑩ 東京(とうきょう)ディズニーランドは 千葉県(ちばけん)に あります。
တိုကျိုဒစ်စနီလန်း က ချီဘာခရိုင်မှာ ရှိပါတယ်။

⑪ ミラーさんは 事務所(じむしょ)に います。　မစ္စတာမီလာ ရုံးခန်းမှာ ရှိပါတယ်။

⑫ 東京(とうきょう)ディズニーランドは どこに ありますか。　တိုကျိုဒစ်စနီလန်းက ဘယ်မှာရှိပါ သလဲ။



……千葉県(ちばけん)に あります。　......ချီဘာခရိုင်မှာ ရှိပါတယ်။

⑬ ミラーさんは どこに いますか。　မစ္စတာမီလာ ဘယ်မှာ ရှိပါသလဲ။
……事務所(じむしょ)に います。　......ရုံးခန်းမှာ ရှိပါတယ်။

[မှတ်ချက်]ဤဝါကျပုံစံသည် (သင်ခန်းစာ-၃)မှN は နေရာ です ပုံစံနှင့်ပြောင်းလဲအသုံးပြုနိုင် သည်။ ထိုအခါမျိုးတွင် です ၏ရှေ့၌ရှိသောနေရာကိုဖော်ပြသောအမေးစကားလုံး "どこ" နှင့် နာမ် "ちばけん" တို့၏နောက်တွင် に မတွဲရကြောင်းကိုသတိပြုရမည်။

⑭ 東京(とうきょう)ディズニーランドは どこですか。　တိုကျိုဒစ်စနီလန်းက ဘယ်မှာပါလဲ။
……千葉県(ちばけん)です。　......ချီဘာခရိုင်မှာပါ။

၄. **$N_1$ (အရာဝတ္ထု/လူပုဂ္ဂိုလ်/နေရာ) の $N_2$ (တည်နေရာ)**

うえ၊ した၊ まえ၊ うしろ၊ みぎ၊ ひだり၊ なか၊ そと၊ となり၊ ちかく၊ あいだ စသည်တို့ ၏ရှေးရှုရာနှင့်တည်နေရာကိုဖော်ပြသော$N_2$ သည် $N_1$ နှင့်တည်နေရာဆက်စပ်ပုံကိုဖော်ပြသည်။

⑮ 机(つくえ)の 上(うえ)に 写真(しゃしん)が あります。　စာရေးခုံပေါ်မှာ ဓာတ်ပုံ ရှိပါတယ်။

⑯ 郵便局(ゆうびんきょく)は 銀行(ぎんこう)の 隣(となり)に あります。　စာတိုက်ကဘဏ်ရဲ့ဘေးနားမှာရှိပါတယ်။

⑰ 本屋(ほんや)は 花屋(はなや)と スーパーの 間(あいだ)に あります。
စာအုပ်ဆိုင်က ပန်းဆိုင်နဲ့ စူပါမားကက်ရဲ့ ကြားမှာ ရှိပါတယ်။

[မှတ်ချက်]ဤအရာတို့သည်နေရာကိုဖော်ပြသောနာမ်နှင့်တူညီပြီးဝိဘတ် で ကိုတွဲ၍အပြုအမူ ကိုလုပ်ဆောင်သည့်နေရာကို ဖော်ပြနိုင်သည်။

⑱ 駅(えき)の 近(ちか)くで 友達(ともだち)に 会(あ)いました。　ဘူတာနားမှာ သူငယ်ချင်းနဲ့တွေ့ခဲ့ပါတယ်။

၅. **$N_1$ や $N_2$**

သင်ခန်းစာ-၄တွင်လေ့လာခဲ့သောဝိဘတ် と ကိုနာမ်အားလုံးကိုထုတ်ဖော်၍အတန်းလိုက်ယှဉ်တွဲ ပြသောအခါတွင်အသုံးပြုသော်လည်း၊ဝိဘတ် や ကိုမူကိုယ်စားပြုသောအရာအချို့ကိုထုတ်ဖော် ၍အတန်းလိုက်ယှဉ်တွဲပြသောအခါတွင်အသုံးပြုသည်။ နောက်ဆုံးတွင်ထုတ်ဖော်ပြသောနာမ်၏ နောက်၌ など ကိုတွဲ၍၊ဖော်ပြပါနာမ်အပြင်တခြားနာမ်များ ရှိကြောင်းကို ရည်ညွှန်းသည့်အခါမျိုး လည်းရှိသည်။

⑲ 箱(はこ)の 中(なか)に 手紙(てがみ)や 写真(しゃしん)が あります。
သေတ္တာထဲမှာ စာနဲ့ ဓာတ်ပုံ ရှိပါတယ်။

⑳ 箱(はこ)の 中(なか)に 手紙(てがみ)や 写真(しゃしん)などが あります。
သေတ္တာထဲမှာ စာနဲ့ ဓာတ်ပုံ စတာတွေ ရှိပါတယ်။

၆. **アジアストアですか**

ဤသင်ခန်းစာမှစကားပြောကဏ္ဍ၏အရှေ့ဆုံးအပိုင်းတွင် အောက်ဖော်ပြပါကဲ့သို့သောစကားပြော မျိုးလည်းရှိသည်။

㉑ すみません。アジアストアは どこですか。
……アジアストアですか。(中略(ちゅうりゃく))あの ビルの 中(なか)です。
တစ်ဆိတ်လောက် မေးပါရစေ။ အာရှစတိုးဆိုင်က ဘယ်မှာပါလဲ။
......အာရှစတိုးဆိုင်လား။ (...ချန်...) ဟိုအဆောက်အဦထဲမှာပါ။

လက်တွေ့စကားပြောတွင်ဤကဲ့သို့မေးလာသောမေးခွန်းကိုချက်ချင်းပြန်မဖြေဘဲ၊များသောအား ဖြင့်တစ်ဖက်လူ၏မေးခွန်းမှဆိုလိုရင်းအချက်ကိုသေချာပြန်လည်မေးမြန်းပြီးမှအဖြေပေးလေ့ရှိ သည်။